**ကမ္ဘာ့ဘဏ်အုပ်စု မြန်မာနိုင်ငံဆိုင်ရာ စနစ်တကျ ဆန်းစစ်လေ့လာမှုနှင့်**

**မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်**

**ပထမအကြိမ် အကြံပြုဆွေးနွေးပွဲ မေလ ၂၂ ရက်၊ ၂၀၁၄**

**တောင်ကြီး အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများ**

| အမျိုးအစား | တက်ရောက်လာကြသူများထံမှ အကြံပြုချက်များ | မှတ်ချက် |
|---|---|---|
| အကြောင်းအရာ | တင်ပြသည့် ဆလိုက်ပြားပေါ်တွင် အစိမ်းရောင်အဖြစ်ပြထားသည့် ကယားပြည်နယ်သို့ လွှန်ခဲ့သော အပတ်ကရောက်ရှိခဲ့သည်။ ကယား ပြည်နယ်ရှိ မြို့နယ်အများစုမှာ အလွန်ဆင်းရဲကြသည်။ ယခု အချက်အ လက်က တိကျမှုမရှိဟု ကျွန်ုပ်ယုံကြည်သည်။ | ကယားပြည်နယ်နှင့် ပတ်သက်ပြီး ကောက်ယူထားသည့် အချက်အလက် များသည် လုံခြုံရေးရှိသည့် ဧရိယာတွင် သာ ကောက်ယူထားခြင်းဖြစ်သည်။ ပိုမို ကျယ်ပြန့်ပြီး တိကျမှုရှိကာ နောက်ဆုံးရ အချက်အလက်များ ကောက်ယူနိုင်ရန် ကြိုးပမ်းနေသည်။ |
| | ဆင်းရဲနွမ်းပါးသူ အများအပြားမှာ တစ်နေ့လျှင် တစ်ဒေါ်လာအောက် သာ ရှိသည့် ဝင်ငွေသာရရှိကြသည်။ ထိုပမာဏသည် အစားအစာ ဝယ်ယူရန် လုံလောက်မှုမရှိချေ။ ဈေးနှုန်းများ / ငွေဖောင်းပွမှုများ လျှော့ချရန်လိုအပ်သည်။ | |
| | တင်ပြချက်များအရ ကမ္ဘာ့ဘဏ်သည် လုပ်ဆောင်မှု ၆ ခုကို အကောင် အထည်ဖော်နေသည်။ ကမ္ဘာ့ဘဏ်သည် အစိုးရ၏ ဦးစားပေး အရာများ ကိုသာ လိုက်နာဆောင်ရွက်နေသလား။ | အစိုးရသည် မိမိတို့၏ အဓိက ဖောက် သည်ဖြစ်သည်။ သို့သော် ယခုညှိနှိုင်းဆွေး နွေးမှုများ ပြုလုပ်ရသည့် အကြောင်းရင်း မှာ အခြားသူများ၏ အသံများအား နား ထောင်ရန်ဖြစ်သည်။ |
| | အသွင်ကူးပြောင်းမှု မတိုင်ခင်နှင့် ကူးပြောင်းပြီးနောက်ပိုင်း မြန်မာ နိုင်ငံတွင် ကမ္ဘာ့ဘဏ် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်ပြီး ပြောပြနိုင်ပါသလား။ | မိမိတို့၏ အလုပ်ကို ဖော်ပြရန် ဤနေ ရာသို့ရောက်ရှိ နေခြင်းမဟုတ်ဘဲ နား ထောင်ရန်နှင့် အချက်အလက်များ ပံ့ပိုးပေးရန် ရောက်ရှိနေခြင်းဖြစ်သည်။ |
| | ကမ္ဘာ့ဘဏ်သည် အောက်ခြေပိုင်း ၄၀% ကို ဆင်းရဲနွမ်းပါးမှုမှ မြှင့်တင်ရန် မည်သို့လုပ်ဆောင်မည်နည်း။ | နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး GDP တိုးလာချိန် တွင် ကမ္ဘာ့ဘဏ်သည် အထက်တန်းလွှာ များ အကျိုးအတွက်သာ မကဘဲ အောက် ခြေ ၄၀% ကိုလည်း ထိုအကျိုးအမြတ်များ မျှဝေပေးရန် အာမခံပေးလိုသည်။ |
| | ကမ္ဘာ့ဘဏ်သည် အစိုးရ၏ ဦးစားပေးအရာများကိုသာ ကြည့်ရှု နေခြင်းသည် မိမိတို့၏ အတွေ့အကြုံဖြစ်သည်။ | ဤနေရာတွင် မြန်မာအစိုးရသည် ကမ္ဘာ့ ဘဏ်၏ မိတ်ဖက်ဖြစ်သည်။ သို့ရာတွင် မိမိတို့ ယနေ့ပြုလုပ်သော ညှိနှိုင်းစည်းဝေး မှုသည် အခြားသော ပါဝင်လုပ်ဆောင်သူ များ၏ အသံများကိုပါ မိမိတို့ နားထောင် ကြောင်း အာမခံပေးရန် အားထုတ်မှု တစ်စိတ်တစ်ပိုင်းဖြစ်သည်။ |
| | မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ကမ္ဘာ့ဘဏ်က ပါဝင်ပတ်သက်ရန် အစီအစဉ် ရှိပါသလား။ | Myanmar Peace Center မှတစ်ဆင့် ရံပုံငွေပေးမည့် အစီအစဉ်အား လော လောဆယ်တွင် ပြန်လည်သုံးသပ်နေ သည်။ |

| | | |
|---|---|---|
| | | |
| | ပထမဦးစားပေးမှာ **စိုက်ပျိုးရေး တိုးတက်မှုဖြစ်သည်။** မြန်မာ့လူဦးရေ၏ ၇၀% သို့မဟုတ် ထို့ထက်ပိုသော ပမာဏမှာ ကျေးလက်နေ တောင်သူများဖြစ်သည်။ မြေယာပိုင်ဆိုင်မှု ပဋိပက္ခများ ဖြေရှင်းရန်၊ သိမ်းဆည်းထားသည့် မြေများ ပြန်လည်ပေးအပ်ရန်နှင့် စိုက်ပျိုးရေး ထုတ်လုပ်မှု တိုးချဲ့ရန် လိုအပ်သည်။ စက်မှုအစားထိုး စိုက်ပျိုးမှုကို တိုးချဲ့လုပ်ကိုင်ပြီး တောင်သူများအား ရာသီဥတု ဆိုးဝါးမှုမှ အကာအကွယ်ပေးရန် နည်းလမ်းများ ရှာဖွေရမည်ဖြစ်သည်။<br><br>ဒုတိယဦးစားပေးမှာ **လျှပ်စစ်ဓာတ်အား**ဖြစ်သည်။ ယင်းသည် အခြား ကဏ္ဍများအားလုံး တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ မိမိတို့၏ လက်ရှိလျှပ်စစ်ဓာတ်အား အခြေခံအဆောက်အအုံကို ၁၉၅၀ ပြည့်နှစ်များက တည်ဆောက်ထားခြင်းဖြစ်သည်။ လောပိတရေအား လျှပ်စစ်အပြင် အခြားရေအားလျှပ်စစ် အရင်းအမြစ်သစ်များ ရှာဖွေရန် လိုအပ်သည်။ လျှပ်စစ်ဓာတ်အား ပြုန်းတီးမှုကိုလျှော့ချရန်အတွက် ဘက်စုံသုံး ထရန်စဖော်မာများ တပ်ဆင်ရန်လိုအပ်သည်။ နည်းပညာ နှင့် ငွေကြေးအကူအညီများ ရရှိနိုင်လျှင် များစွာအထောက်အကူ ဖြစ်မည်။ သို့မှသာ ထိုသွင်းအားစုများ (ဓာတ်ကြိုးများ၊ ထရန်စဖော်မာ များ အစရှိသဖြင့်) အား ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဖြစ်သည်။<br><br>**ငြိမ်းချမ်းရေး** - အကယ်၍ ငြိမ်းချမ်းရေးမရလျှင် တိကျသည့် အချက် အလက်များ ကောက်ယူနိုင်မည် မဟုတ်သောကြောင့် နိုင်ငံတွင် တကယ်လိုအပ်နေသည့် အရာများအတွက် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်မည်မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ပြည်နယ်နှင့် တိုင်းများ အားလုံး ပါဝင်သည့် ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်တစ်ခု လိုအပ်သည်။ | |
| | ဦးစားပေးမှာ **စိုက်ပျိုးရေးတိုးတက်မှု**ဖြစ်သည်။ တောင်သူများအတွက် မျိုးစေ့များ၊ သင့်တော်သည့် နည်းပညာနှင့် ငွေကြေးအကူအညီ (တိုက်ရိုက်ပေးသည့် အကူအညီ) များ ပေးရန်လိုအပ်သည်။ ထိုသို့ သော အကူအညီများ ထိုဒေသတွင်း ရှိနေသည့် CSO များနှင့် NGO များမှ တစ်ဆင့် စိုက်ပျိုးရေး လုပ်ငန်းသို့ ရောက်ရှိနိုင်ပါသလား။<br><br>ပစ္စည်းကိရိယာ အကူအညီများအပြင် နည်းပညာ အကူအညီလည်း ပေးရန် လိုအပ်သည်။<br><br>စိုက်ပျိုးနေသည့် မြေများ တိုးချဲ့မှု သို့မဟုတ် စိုက်ပျိုး ထားပြီးဖြစ်သည့် မြေ၏ အရည်အသွေး တိုးတက်အောင် လုပ်ဆောင်ရေး အပေါ် အဓိက အလေးထားသင့်သည် မသင့်သည်ကို သေချာစွာ မသိရသေးချေ။<br><br>**ဈေးကွက်ရရှိရေး -** တံခါးဖွင့်ထားသည့် ဈေးကွက်စီးပွားရေး စနစ်အတွက် သေချာစွာ စီစဉ်ရန်လိုအပ်သည်။ ဈေးနှုန်းမတည်ငြိမ်မှုနှင့် သဘာဝ ဘေးဒဏ်များက တောင်သူများအတွက် ကြီးမားသည့် ပြဿနာများဖြစ်သည်။ စိုက်ပျိုးရေး ဈေးကွက်အတွင်း ပွဲစားများ၏ အခန်းကဏ္ဍကို လျှော့ချရန်လိုသည်။ သို့မှသာ တောင်သူများ ၎င်းတို့၏ ထုတ်ကုန်များအတွက် ဈေးကောင်းရရှိမည်ဖြစ်သည်။ | |
| | မိမိတို့၏ ဦးစားပေးမှာ **လမ်းပန်းဆက်သွယ်ရေး** ဖြစ်သည်။ သယ်ယူပို့ဆောင်ရေး စနစ်နှင့် ဆက်သွယ်ရေး အခြေခံအဆောက်အအုံ ညံ့ဖျင်းလျှင် ဈေးကွက်စီးပွားရေးကို အကောင်အထည် မဖော်နိုင်ပါ။ | |

| | | |
|---|---|---|
| | ၎င်းတို့သည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အဓိကဖြစ်သည်။<br><br>ရှမ်းပြည်နယ်၏ သယ်ယူပို့ဆောင်ရေး တိုးတက်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အရေးကြီးပါသည်။ နိုင်ငံရေး မတည်ငြိမ်မှုနှင့် ပဋိပက္ခများသည် အဓိကစိန်ခေါ်မှုများ ဖြစ်နေသည်။<br><br>ထို့အပြင် မိမိတို့ တိုင်းပြည်သည် ကမ္ဘာပေါ်တွင် အဂတိလိုက်စားမှု၊ အုပ်ချုပ်မှု ညံ့ဖျင်းမှုနှင့် ပွင့်လင်းမြင်သာမှုမရှိဆုံး အောက်ဆုံးဆင့် ၁၀နိုင်ငံ အနက် တစ်နိုင်ငံအဖြစ်ပါဝင်သည်ကို မမေ့သင့်ပေ။<br><br>မိမိတို့၏ ဒုတိယ ဦးစားပေးမှာ **ပညာရေး**ဖြစ်သည်။ အထူးသဖြင့် တောင်သူများ၏ ပညာရေးဖြစ်သည်။ လက်ရှိတွင် ရေဆင်း၌သာ စိုက်ပျိုးရေး တက္ကသိုလ်ရှိသည်။ ဘာသာစကား အတားအဆီးမှာလည်း အရေးကြီးသည်။ ပညာရေးအစီအစဉ်များကို တိုင်းရင်းသား ဘာသာ စကားဖြင့်ပါ ရရှိသင့်သည်။ | |
| | မိမိတို့၏ ပထမဦးစားပေးမှာ **စိုက်ပျိုးရေး တိုးတက်မှု**ဖြစ်သည်။ ထိုကိစ္စများကို အခြားသော အုပ်စုများက ရေးသားဖော်ပြပြီး ဖြစ်သည်။ တောင်သူများ အကြပ်အတည်းနှင့် ရင်ဆိုင်ရသည့်အခါ ဘိန်းစိုက် ပျိုးခြင်း၊ ပြည်ပသို့ ထွက်ခွာအလုပ်လုပ်ကိုင်ခြင်း၊ မြေယာများ ရောင်းချ ခြင်း သို့မဟုတ် သစ်ပင်များ ခုတ်လှဲခြင်းတို့ ပြုလုပ်ကြသည်။ ထိုအရာ များ အားလုံးသည် အနုတ်လက္ခဏာ အကျိုးသက်ရောက်မှုများ ဖြစ်စေ သည်။ တောင်ကြီးမြို့တစ်ဝိုက် သစ်တောများ ပြုန်းတီးခြင်းကြောင့် ရေရရှိမှု လျော့နည်းသွားရသည်။ တောင်သူများအား ကြွေးတင်မှုမှ ကာကွယ်ပေးရန် လိုအပ်သည်။<br><br>မြေယာပိုင်ဆိုင်ခွင့်များကို ဆန်းစစ်ရန်လိုပြီး ပြည်သူများအား ၎င်းတို့၏ အခွင့်အရေးနှင့် ပတ်သက်ပြီး ပညာပေးရန် လိုအပ်သည်။<br><br>ကျန်းမာရေး စောင့်ရှောက်မှုမှာ ဒုတိယဦးစားပေး ဖြစ်သည်။ ဆင်းရဲ နွမ်းပါးသူများ လက်လှမ်းမီပြီး ကုသစရိတ် မပေးနိုင်သည့် တိုင်အောင် ၎င်းတို့အား ဆေးကုသမှုပေးရန် အာမခံပေးသည့် ကျန်းမာရေး စောင့် ရှောက်မှုစနစ် လုပ်ဆောင်ပေးရန် လိုအပ်သည်။ ကျန်းမာရေး သတိရှိမှု သင်တန်းများ ပေးရန်လိုအပ်သည်။ ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက် ရေး အစီအစဉ်များအား စနစ်တကျ ဆောင်ရွက်ရန် လိုသည်။ | |
| | ဦးစားပေးမှာ **ပညာရေး**ဖြစ်သည်။ အစွန်အဖျား ဒေသများတွင် နေထိုင်နေသည့် ကလေးငယ်အများစုမှာ မူလတန်း ပညာကိုပင် သင်ကြားခွင့် မရကြချေ။ ရှိနေသည့် ကျောင်းများတွင်လည်း ပစ္စည်း ကိရိယာ လုံလောက်မှုမရှိချေ။ ထို့ကြောင့် ကောင်းမွန်သည့် ပညာရေး ကို ပံ့ပိုးပေးရန် မည်သို့ဖြစ်နိုင်မည်နည်း။<br><br>ကျေးရွာအုပ်စုများကို ဖြည့်ဆည်းပေးရန်အတွက် ဘော်ဒါဆောင်များ ပါသည့် အထက်တန်းကျောင်းများ တည်ဆောက်ပေးရန် လိုအပ်သည်။ မိခင်ဘာသာစကားဖြင့် သင်ကြားပေးရန်လည်း လိုအပ်သည်။ သို့မှသာ ကလေးငယ်များ ၎င်းတို့၏ သင်ခန်းစာများကို ကောင်းစွာသင်ယူ နိုင်မည်ဖြစ်သည်။<br><br>အရည်အသွေးရှိသည့် ပညာရေးစနစ် ဖန်တီးပေးရန် အရေးကြီးသည်။ | |

| | | |
|---|---|---|
| | **ဘဏ္ဍာရေးစနစ် ပွင့်လင်းမြင်သာမှုရှိခြင်း** - လွန်ခဲ့သောနှစ်က အစိုးရက ငွေကျပ် ၁ သန်းထောက်ပံ့ခဲ့သည်။ သို့သော် ထိုငွေများ မည်သည့် နေရာသို့ ရောက်သွားသည်ကို မိမိတို့မသိရချေ။ အကယ်၍ ကမ္ဘာ့ဘဏ် က အစိုးရအား ရံပုံငွေ ပေးမည်ဆိုလျှင် အကျိုးသက်ရောက်မှုကို အကဲ ဖြတ်ရန်အတွက် နောက်ဆက်တွဲ စောင့်ကြည့်သည့် အစီအစဉ် လုပ် ဆောင်ပေးရန် အကြံပြုလိုသည်။<br><br>ဒုတိယဦးစားပေးမှာ **မြေရရှိရေး**ဖြစ်သည်။ မြေယာများ သိမ်းပိုက်မှုမှာ ပြဿနာတစ်ခုဖြစ်သည်။ မြေကိုသိမ်းပိုက်ပါက အစိုးရသည် လျော် ကြေးငွေသာမကဘဲ ကာလရှည် ဝင်ငွေရရှိရေး စေ့ဆော်ပေးသည့် အစီအစဉ်များလည်း ထောက်ပံ့ပေးသင့်သည်။ | |
| | **ပညာရေး** : သမရိုးကျနှင့် သမရိုးကျမဟုတ်သည့် ပညာရေး ၂ ခုလုံး<br><br>စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု : ထုတ်လုပ်သည့် ပစ္စည်း အရည်အသွေး တိုးတက်အောင် လုပ်ဆောင်ရန်၊ တောင်သူများအား ငွေကြေးအကူအညီပေးရန်၊ ထိရောက်သည့် ဈေးကွက်မူဝါဒများနှင့် စနစ်များ လုပ်ဆောင်ရန်၊ လုပ်ငန်းရှင်များအား အကူအညီပေးရန် လိုအပ်သည်။<br><br>အိမ်ထောင်စုများ အသုံးပြုရန်နှင့် စိုက်ပျိုးရေးလုပ်ငန်း ၂ ခုလုံးအတွက် သန့်ရှင်းသည့်ရေရရှိရေး တိုးတက်အောင်လုပ်ဆောင်ရန်လိုအပ်သည်။ | |
| လုပ်ငန်းစဉ် | | |